ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ နိုင်ငံရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုယ်စားလှယ်အဖွဲ့တို့၏ ဒုတိယအကြိမ်အကြိုညှိနှိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍

# သတင်းထုတ်ပြန်ချက်

၁၇ / ၂၀၁၃

ရက်စွဲ - ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်

၁။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ နိုင်ငံရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ကိုယ်စားလှယ်အဖွဲ့တို့သည် ထိုင်းနိုင်ငံ ၊ ဇင်းမယ်မြို့တွင် "နိုင်ငံရေးဆွေးနွေးပွဲ" အတွက် "ဒုတိယအကြိမ်အကြိုညှိနှိုင်းဆွေးနွေးပွဲ" တရပ်ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် တရားဝင် ကျင်းပပြီးစီးခဲ့ပါသည်။ UNFC ကိုယ်စားလှယ်အဖွဲ့တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အနေဖြင့် ပူးတွဲအဖွဲ့ဝင်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါသည်။ ဂျပန်နိုင်ငံ အစိုးရ၏ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E မစ္စတာဆာဆာကာဝါ၊ နီပွန်ဖေါင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ UNA နှင့် မြန်မာ နိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး ABSDF တို့မှ ကိုယ်စားလှယ်များကလည်း လေ့လာသူ များအဖြစ် တက်ရောက်ခဲ့ကြပါသည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့တို့အနေဖြင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးပွဲသို့ ဦးတည်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။ UNFC ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ဟံသာမှ အဖွင့်မိန့်ခွန်းကို လည်းကောင်း၊ ပူးဇင်ကျိုးမှ ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ် (Road Map) နှင့်ပတ်သက်၍ အမြင်သဘောထား ကိုလည်းကောင်း၊ ခူးဦးရယ်မှ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ဆိုင်ရာ UNFC ၏ သဘောထားကို လည်းကောင်း၊ တပြည်လုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ကြိုတင်လိုအပ်ချက်တို့အပေါ် ပဒိုမန်းမန်းမှ လည်းကောင်း၊ ဗိုလ်မှူးကြီးခွန်ဥက္ကာက တိုင်းရင်းသားလူမျိုးများကွန်ဖရင့်မှ ထွက်ပေါ်လာသည့် အဓိကရလဒ်နှင့် အကျိုးဆက်တို့အပေါ် သဘောထားအမြင်တို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

၃။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုယ်စားလှယ်များဖက်မှ အဓိက အားဖြင့် တပြည်လုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရန် နိုင်ငံရေးဆွေးနွေးပွဲ အတွက် မူဘောင်နှင့် အချိန်လျာထား သတ်မှတ်ချက်တို့အပေါ် ရှင်းလင်းတင်ခဲ့ကြပါသည်။

၄။ ဆွေးနွေးပွဲအပြီးတွင် အချက်(၄)ချက်ပါ ပူးတွဲထုတ်ပြန်ကြေညာချက်တခုကို ထုတ်ပြန်နိုင်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကအခြေခံကျသည့် တိုင်းရင်းသားလူမျိုးများ၏ မူ(၆)ချက်ပါ နိုင်ငံရေးဆွေးနွေးရေးလမ်းပြမြေပုံနှင့် အစိုးရ၏မူ(၈)ချက်ပါ ငြိမ်းချမ်းရေးလမ်းပြမြေပုံတို့ကို ဆက်လက်ညှိနှိုင်းသွားရန် လိုအပ်လျှက်ရှိနေဆဲ ဖြစ်သည်။

၅။ သဘောတူညီမှုများ ရရှိရေး၊ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေးတို့အတွက် ကြိုးပမ်းသွားကြရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဆွေးနွေးပွဲ၌ တင်ပြဆွေးနွေးခဲ့သည့် အဓိက စာတမ်းတို့ကိုလည်း အများပြည်သူ သိရှိနိုင်စေရန် ပူးတွဲထုတ်ပြန်လိုက်ပါသည်။

**ဆက်သွယ်ရန်**

စောဒေးဗစ်သာကဘော (ဒုဥက္ကဋ္ဌ-၂) ဖုန်း - (၆၆) ၉၀၄ ၆၇ ၀၉၅

နိုင်ဟံသာ (အထွေထွေအတွင်းရေးမှူး) ဖုန်း - (၆၆) ၈၀၅ ၀၃၀ ၈၄၉